

ယုံချင်ယုံ မယုံချင်ယုံ ငါ မင်းကိုဖမ်းမိပြီ
ဘာသာပြန် စာရေးဆရာ - Marshmallow
(အစဉ်-၅)
(Chapter 41 - 50)

# အပိုင်း(၄၁)

## ဒါကdateလုပ်နေတာလား?

ချန်းယု တစ်ဆက်တည်း ဓာတ်ပုံအများအပြားရိုက်လိုက်လေပြီး သူမအတွက်သူမလည်း အနည်းငယ်ရိုက်ကူးလိုက်လေသည်။ လှည့်လိုက်တော့၊ ထျန်းဖေနဲ့ အခြားကိုယ်ရံတော်တွေ သိပ်မဝေးတဲ့နေရာမှာ ရပ်နေတာကို သူမမြင်လိုက်လေသည်။ သူမရုတ်တရက်အော်လိုက်လေတယ်၊ "လက်ထောက်ထျန်း၊ တတိယအစ်ကိုနဲ့ကျွန်မကို ဓာတ်ပုံရိုက်ပေးပါဦး။"

လက်ထောက်ထျန်း လျှောက်လာလေတယ်၊ ဒါပေမဲ့ ချန်းယုရဲ့ဖုန်းကိုယူရမဲ့အစား၊ သူ့အိတ်ကပ်ထဲကနေ selfie stick ကိုထုတ်ယူလိုက်ပြီး ချန်းယုထံ လှမ်းပေးလိုက်ပြီး ပြောလိုက်လေတယ်၊ "မိန်းကလေးချန်းယု၊ ကျွန်တော့ ဓာတ်ပုံရိုက်တဲ့အရည်အချင်းက မကောင်းလှဘူး၊ ဒီ selfie stick ကိုယူပြီး မင်းဘာသာမင်းပဲရိုက်လိုက်ပါ။"

နောက်နေတာပဲ၊ အာ၊ မင်းပုံရိုက်ပေးဖို့ တစ်ယောက်ယောက်ရှာနေတာနဲ့၊ ကိုယ့်ဘာသာရိုက်တဲ့ပုံ ဘယ်လိုလုပ်ယှဥ်လို့ရမှာလဲ။

မှန်နေတာပဲ၊ လော့မင်နဲ့ချန်းယု ကိုယ်ဟန်အမျိုးမျိုးပြောင်းပြီး ကောင်းမွန်တဲ့အဖွဲ့ပုံရရန်အတွက် သူတို့ခေါင်းချင်းနီးသွားတာကို ထျန်းဖေ စောင့်ကြည့်နေလိုက်လေသည်။ သူ့ဉာဏ်များတဲ့အပြုအမူအတွက် သူ့ကိုယ်သူချီးမွမ်းမိလိုက်လေသည်။

ထျန်းဖေ သူ့ကိုယ်ပိုင်ဉာဏ်ကြွယ်မှုအတွက် ချီးမွမ်းနေတုန်း၊ တစ်ဖက်မှာရှိတဲ့ အရပ်ရှည်တဲ့စစ်သားတစ်ဦး မနေနိုင်ဘဲ သတိပေးလာလေတယ်၊

"အစ်ကိုထျန်း၊ တတိယသခင်လေးရဲ့ဓာတ်ပုံတွေကို အပြင်လူတွေဆီဖြန့်လိုက်လို့မဖြစ်ဘူး။"

"အပြင်လူတွေဆီဖြန့်တယ်? မိန်းကလေးချန်းယုက အပြင်လူလား?" ထျန်းဖေ ပြန်လည်ချေပမေးလိုက်လေသည်။

"အဲ့လိုထည့်မတွက်ဘူးလား?" အရပ်ရှည်တဲ့စစ်သား သံသယနဲ့မေးလိုက်လေသည်။

"တတိယသခင်လေးရယ်နေပုံကိုကြည့်လိုက်; မိန်းကလေးချန်းယုကို အပြင်လူအနေနဲ့ မင်းဘယ်လိုလုပ်ဆက်ဆံလို့ရမှာလဲ? ငတုံး!" ထျန်းဖေ မနှစ်မြို့တဲ့အနေနဲ့ သူ့မျက်လုံးကိုလှိမ့်လိုက်လေသည်။

အရပ်ရှည်တဲ့စစ်သား သူ့ခေါင်းကို နားမလည်တဲ့အနေနဲ့ ထိလိုက်ပြီး၊ ထျန်းဖေပြောတာကို သူသေချာပေါက် နားထောင်လိုက်သင့်လေသည်။

ဒီရာသီ၌ ညအချိန်က စောစောရောက်လာလေပြီး မကြာခင် နေဝင်သွားလေတော့သည်။ လော့မင် နေဝင်ချိန်ကြည့်နေတာကို ချန်းယုတိတ်တိတ်လေးအဖော်ပြုပေးလိုက်ပြီး၊ ကြယ်စုံတဲ့ကောင်းကင်ပေါ်လာမှာကို စောင့်နေလိုက်လေသည်။

နှစ်ဦးသား လှေကားထစ်ပေါ်ထိုင်ပြီး၊ ကြယ်စုံတဲ့ကောင်းကင်ကို တိတ်တိတ်လေးကြည့်လိုက်လေသည်။ မဟာတံတိုင်းက ညအချိန်မှာ လင်းထိန်နေလေတယ်၊ အဲ့တာက မီးနဂါးနဲ့တူသွားစေပြီး၊ နေ့အချိန်လွတ်သွားတဲ့ ခံ့ညားထည်ဝါမှုအား ပြသနေလေတော့သည်။ မဟာတံတိုင်းပေါ်ကနေ ကြယ်လင်းလက်နေတဲ့ညကို ယုယုယယကြည့်နေလေတယ်၊ ရွှန်းစိုနေတဲ့ကောင်းကင်ကို လော့မင် တစ်နာရီလောက်ကြည့်နေလေတယ်၊ သူကြယ်တွေကိုရေတွက်နေတာလားဆိုတာ ချန်းယုသိချင်မိသွားလေတော့သည်။

"ဟက်...ချို!" လေအေးတွေတိုက်ခတ်လာတော့ ချန်းယုမနေနိုင်ဘဲ နှာချေမိသွားလေသည်။

လော့မင် ရုတ်တရက်သတိပြန်ဝင်လာကာ၊ သူ မဟာတံတိုင်းပေါ် ညအချိန်အကြာကြီးထိုင်နေခဲ့တာကို သဘောပေါက်သွားလေတယ်၊ ချန်းယု သူ့ဘေးထိုင်နေတယ်ဆိုတာကို မေ့သွားပြီပေ့ါ။ သူ့အနွေးထည်ကို သူချွတ်လိုက်ပြီး ချန်းယုပေါ်ထပ်ပေးရင် သူတောင်းပန်လိုက်လေတယ်၊ "Sorry၊ ငါ ကြယ်တွေကို အချိန်အကြာကြီးကြည့်နေမိတာပဲ၊ ပြန်ကြရအောင်။"

သူ့အနွေးထည်ကိုဝတ်ပြီး ချန်းယုထလိုက်လေတယ်၊ လော့မင်ကို သူမမေးရင်း လှေကားထစ်တွေကနေ ဆင်းလာလိုက်တယ်၊ "တတိယအစ်ကို၊ အစ်ကိုကြယ်တွေရေတွက်နေတာလား ဒါမှမဟုတ် အခြားအကြောင်းတွေးနေခဲ့တာလား?"

"ငါငေးငိုင်နေခဲ့တာ။" လော့မင် အပြုံးနဲ့ပြန်ဖြေလိုက်လေသည်။

"ငေးငိုင်နေတာ?" ချန်းယု အံ့သြသွားလေသည်။

"ငါနေရာအများကြီးကို မသွားဖူးဘူး၊ ဒါပေမဲ့ ငါစာအုပ်တွေအများကြီး ဖတ်ထားတယ်။" လော့မင်ရှင်းပြလိုက်လေတယ်၊ "စာအုပ်တွေထဲမှာ ငါ တမ်းတမိတဲ့နေရာတွေ အများကြီးရှိတယ်။ အဲဒီနေရာတွေကို အခြားသူတွေသွားပြီး ရိုက်ကူးထားတဲ့ပုံတွေနဲ့ ခရီးသွားမှတ်စုတွေကို ငါဖတ်ဖူးတယ်။ အဲဒီမှာ အာရုဏ်တက်ချိန်၊ နေဝင်ချိန်၊ ညနေခင်းအချိန်နဲ့၊ ကြယ်တွေဖုံးလွှမ်းနေတဲ့ညကောင်းယံစတဲ့ ပုံတွေအများကြီးရှိတယ်။ အဲ့တုန်းက၊ အဲ့တာတွေကို ငါတကြိမ်တခါလောက် ကြုံတွေ့ခွင့်ရရင် ဘယ်လောက်များကောင်းလိုက်မလဲလို့ ငါအမြဲတွေးကြည့်ဖူးတယ်။ အခု၊ ငါ့မျက်လုံးတွေနဲ့ ကိုယ်တိုင်မြင်တွေ့ခွင့်ရတဲ့ ညကောင်းကင်ယံက ဓာတ်ပုံတွေထဲကထက် ပိုလှတယ်ဆိုတာကို ငါသိလိုက်ရပြီ။ ငါမနေနိုင်ဘဲ အဲ့ထဲနစ်မြောသွားပြီး ငေး

ငေးငိုင်ငိုင်စိုက်ကြည့်နေမိတော့တယ်။"

"ဒါဆို၊ 'အာရဏ်တက်ချိန်'လိုနေသေးတယ်မဟုတ်ဘူးလား?" ချန်းယု အောက်သို့ဆင်းနေတာအား ရပ်လိုက်လေသည်။

"ဟမ်?" လော့မင် ချန်းယုကို တအံ့တဩကြည့်လိုက်လေသည်။

"အာရဏ်တက်ချိန်၊ နေဝင်ချိန်၊ ကြယ်စုံလင်တဲ့ကောင်းကင်၊ အာရဏ် တက်ချိန်ကျန်နေသေးတယ်လေ။" ချန်းယု သူမလက်ချောင်းတွေနဲ့ ရေတွက်ကြည့်လိုက်လေသည်။

"အဆင်ပြေပါတယ်၊ ငါတို့ကြည့်စရာမလိုပါဘူး။" လော့မင် တောင်ထိပ်၌ ရုတ်တရက်ထိုးကျလာတဲ့အပူချိန်ကို သူခံစားမိလေသည်။ ဒီအခွင့်အရေးက ရှားပါးပေမဲ့လည်း၊ မိန်းကလေးအား သူနဲ့အအေးမမိသွားစေချင်လေဘူး။

"ကြည့်လိုက်ကြစို့၊ ကြည့်လိုက်ကြစို့၊ ညီမလည်း မဟာတံတိုင်းက နေထွက်လာတာကို မမြင်ဖူးဘူး။" ချန်းယု စိတ်လှုပ်ရှားစွာပြောလာလိုက် တာ်၊ "ညီမကျောင်းက အတန်းဖော်တော်တော်များများက မဟာတံတိုင်းကို ရောက်ဖူးပြီးသွားပြီ၊ ဒါပေမဲ့ အာရဏ်တက်ချိန်၊ နေဝင်ချိန် နဲ့ ကြယ်စုံတဲ့ ကောင်းကင်ကို ခရီးတစ်ခေါက်သွားတာနဲ့ လူတိုင်းအစုံအလင်မြင်ဖူးခဲ့လား ဆိုတာတော့ ညီမမသေချာဘူး။"

"ထားလိုက်တော့၊ ရာသီဥတုက အရမ်းအေးတယ်၊ ဒီလိုအခြေအနေမျိုးနဲ့ ဆို မင်းအအေးမိသွားလိမ့်မယ်။" ချန်းယုက ဖျောင်းဖျဖို့ တကယ်လွယ်ကူ တယ်ဆိုတာ လော့မင်ရှာတွေ့လိုက်လေတယ်၊ အတိုချုပ်လေးပြောလာတာ နဲ့၊ သူမက သူ့ထက်တောင် ပို၍စိတ်အားထက်သန်လာလေတော့သည်။

"တတိယသခင်လေး၊ ကားထဲမှာ စောင်အပိုတွေ ရှိနေပါတယ်။" တစ်ချိန် လုံးတိတ်ဆိတ်နေတဲ့ထျန်းဖေ၊ ရုတ်တရက် ဒါကိုပြောလာလေသည်။

ချန်းယုကြားလိုက်တော့၊ သူမ ပိုတောင်တက်ကြွလာလေတော့တယ်၊ "တတိယအစ်ကို၊ နေထွက်တာကြည့်ကြည့်ရအောင်။ ဆုံးဖြတ်ပြီးသွားပြီ၊ ညီမအမေကို ဖုန်းခေါ်လိုက်ဦးမယ်။"

သူမတစ်ဖက်ကို ပြေးသွားပြီး သူမအမေထံဖုန်းခေါ်နေတာကို လော့မင် ကြည့်နေလိုက်လေသည်။ သူ့ခေါင်းကို ရုတ်တရက်လှည့်လိုက်ပြီး ထျန်းဖေ ကိုစိုက်ကြည့်လိုက်လေသည်။

ထျန်းဖေ တိတ်တိတ်လေး တံတွေးမျိုချလိုက်ပြီး ပြောလိုက်လေတယ်၊ "တတိယသခင်လေး၊ ကျွန်တော်စောင်တွေသွားယူလိုက်ဦးမယ်။" ပြောပြီး နောက်၊ ထျန်းဖေ သူ့ထူးချွန်တဲ့အထူးစွမ်းအင်ဖြစ်တဲ့ အရှိန်နဲ့ပြေးခြင်းကို အသုံးပြုပြီး မြန်မြန်ရွေ့သွားလိုက်တယ်၊ တစ်စက္ကန့်လောက်နေတော့၊ သူ့ပုံ ရိပ်ကို ဘယ်နေရာမှာမှမမြင်တွေ့နိုင်လေတော့ဘူး။

ထျန်းဖေပြန်ရောက်လာတော့၊ စောင်ယူလာရုံတင်မကဘူး၊ အစားအသောက်တချို့ပါယူလာလေတော့သည်။ နေထွက်လာတာအတွက် လော့မင်ကိုအဖော်ပြုပေးမယ်လို့ ချန်းယုရှင်းရှင်းလင်းလင်းပြောနေပေမဲ့၊ ဒါပေမဲ့ ဇနာရီမထိုးခင်၊ သူမ လော့မင်ရဲ့ပုခုံးကိုမှီပြီး၊ နွေးထွေးတဲ့စောင်နဲ့ ပတ်ထားကာ အိပ်ပျော်သွားလေတော့သည်။

ဖျော့တော့တဲ့အရှေ့ဘက်မိုးကုပ်စက်ဝိုင်းကို အနီရောင်ရေးတေးတေး လေး ဖျာကျလာပြီး ကောင်းကင်တစ်ခုလုံးကို အာရုဏ်ဦး၏ နှင်းဆီရောင် သန်းနေတဲ့တိမ်တိုက်များနဲ့ ပြည့်လာလေတော့၊ သူ့ပုခုံးပေါ်အိပ်နေတဲ့ချန်း ယုကို လော့မင် ညင်ညင်သာသာနှိုးလိုက်လေသည်။

ချန်းယု သူမမျက်လုံးတွေကို ပွတ်ပြီး နေထွက်လာတာကို အိပ်ချင်မူးတူးနဲ့ ကြည့်လိုက်လေသည်။ သူမအပြည့်အဝနိုးလာချိန်၊ နေထွက်ချိန်ကျော်သွားခဲ့ လေပြီ။ သူမအရမ်းစိတ်လှုပ်ရှားနေတာကြောင့် အဲ့တာနဲ့ပတ်သတ်ပြီး သိသိ

သာသာဂရုမစိုက်နေလေဘူး၊ "မဟာတံတိုင်းက နေထွက်ချိန်က အခြား နေရာတွေနဲ့ တကယ်ကိုကွာခြားတာပဲ။"

"ဘယ်နေရာကကွာခြားနေလို့လဲ?" လော့မင် မနေနိုင်ဘဲ မေးလိုက်လေ သည်။

"ဒီဟာက ကမ္ဘာ့အံ့ဖွယ်ရှစ်ခုထဲက တစ်ခုရဲ့အထက်မှာပေါ်လာတဲ့ နေထွက်ချိန်လေ။" ချန်းယု လေးလေးနက်နက်ပြောလိုက်လေသည်။

ရွှေရောင်နေအလင်းရောင်က လော့မင်ရဲ့မျက်နှာပေါ် ဖျာကျလာတာက၊ သူ့ရဲ့ဖြူသောအသားအရေကို ပို၍ကြည်လင်သွားစေပြီး၊ သူ့အနက်ရောင် မျက်စံက ဖျော့တော့တော့ရွှေရောင်အဖြစ်ပြောင်းသွားစေလေတယ်၊ ဒါပေမဲ့ သူ့မျက်နှာပေါ်ကအပြုံးကတော့ နေထက်တောင် ပိုတောက်ပနေလေတယ်။

"တတိယအစ်ကို၊ ငါနောက်တစ်ခါ အစ်ကိုနဲ့အတူထပ်လာခဲ့မယ်။" ချန်း ယု ရုတ်တရက်ကြီးပြောလာလေတော့သည်။

ဒီတော့၊ မနေ့ညတုန်းက ငါ့အတွက် အထူးတလည် မင်းဒီမှာနေနေခဲ့တာ ပေါ့? လော့မင်စိတ်လှုပ်ရှားသွားလေတယ်; သူ့လက်ဖဝါးက မနေနိုင်ဘဲ ချ န်းယုရဲ့ ရှုပ်ပွနေပြီဖြစ်တဲ့ ဆံပင်တိုတိုအားဖွပေးလိုက်လေတော့တယ်၊ "အဆင်ပြေပါတယ်၊ ငါထပ်မြင်ချင်တယ်ဆိုရင် ဖိနှိပ်ပေးတဲ့အဆောင်တချို့ မင်းဆီလာတောင်းလိုက်မယ်လေ။"

"ဖိနှိပ်ပေးတဲ့အဆောင်က ညီမချက်ချင်းဆွဲပေးမှဖြစ်မှာ၊ အဲ့တာက နှစ် နာရီပဲခံတယ်၊ အစ်ကိုအိမ်သွားဖို့ အချိန်လောက်မှာမဟုတ်ဘူး။" ချန်းယု ပြောလိုက်လေသည်။

"အကျိုးသက်ရောက်မှုနည်းသွားလည်း ဘာမှမဖြစ်ပါဘူး၊ မင်းအဆောင်

စာရွက်အပေါ် တိုက်ရိုက်ဆွဲပေးလိုက်လေ၊ နည်းနည်းပိုဆွဲလိုက်ပြီး အဲ့တာက အတူတူဖြစ်နေမှာပဲလေ။" လော့မင်ပြောလိုက်လေသည်။

ဖိနှိပ်ပေးတဲ့အဆောင်ကို လော့မင် နှစ်ကြိမ်အသုံးပြုပြီးသွားလေပြီး သူ့ကိုယ်ပေါ်၌ ဘာပုံမှန်မဟုတ်တာမှမရှိနေလေဘူး၊ ဒီတော့ သူ့အတွက် နည်းနည်းပိုဆွဲပေးဖို့ ချန်းယုအား တကယ်တောင်းဆိုချင်မိလေတယ်၊ နေထွက်တာကြည့်ဖို့ မလိုအပ်လေဘူး၊ ဒါပေမဲ့ သူလိုအပ်တဲ့အချိန် အသုံးပြုရန် အဲ့တာကိုလိုအပ်လေသည်။

"မရဘူး။" ချန်းယု လေးနက်တဲ့အမူအရာနဲ့ သူမခေါင်းကို ခါယမ်းပြလိုက်လေတယ်၊ "အဆောင်စက္ကူအပေါ်ဆွဲထားတဲ့ ဖိနှိပ်ပေးတဲ့မန္တန်းကို အစ်ကိုအသုံးပြုလို့မရဘူး။"

လော့မင်ချန်းယုကို တအံ့တသြကြည့်လာလိုက်လေသည်။

"အဆောင်စက္ကူအပေါ်ဆွဲထားတဲ့ ဖိနှိပ်ပေးတဲ့မန္တန်းမှာ သတ်ဖြတ်ချင်စိတ်အများအပြားရှိနေတယ်၊ ဒီမန္တန်းက တစ်ချိန်ထဲမှာပဲ ဝိညာဉ်ကို ဖိနှိပ်ပေးနိုင်တယ်၊ ဒီတော့ တတိယအစ်ကိုအသုံးပြုဖို့ အဲ့တာကမသင့်တော်နေဘူး။" ချန်းယုရှင်းပြလိုက်လေတယ်၊ "ညီမ စိတ်စွမ်းအင်အသုံးပြုပြီး မန္တန်းတိုက်ရိုက်ဆွဲနေချိန် သတ်ဖြတ်ခြင်းအရှိန်အဝါကို အတိအကျလျှော့နည်းစေလိုက်တယ် ဒီတော့ အဲ့တာက လူ့ကိုယ်ကို မထိခိုက်စေနိုင်တော့ဘူး။"

လော့မင် မပြောလိုက်ခင် သူခဏလောက်မှင်သက်သွားလေတော့တယ်၊ "ဒီလို အဲ့လိုဖြစ်နေခဲ့တာကို။"

"အမ်!" ချန်းယု ခေါင်းညိတ်လိုက်လေသည်။

ချန်းယုက လော့မင်ထက် ခေါင်းတစ်လုံးစာ အရပ်ပုလေတယ်၊ လော့မင်

သူ့ခေါင်းကိုငုံ့လိုက်တာနဲ့၊ မိန်းကလေးရဲ့ထူထပ်ပြီးရှည်လျားတဲ့မျက်တောင်မွေးကို သူမြင်နေရပြီး တောက်ပတဲ့နေရောင်ခြည်အောက် ပျော့ပျောင်းတဲ့ဆံပင်တွေက ရွှေရောင်အလင်းတောက်ပနေလေတော့သည်။ သူမမျက်နှာသေးသေးလေးကို ယွဲ့ယွဲ့လေး မော့လာလိုက်ချိန်၊ သူမရဲ့မှင်လိုနက်မှောင်တဲ့မျက်ဝန်းတွေထဲ သူ့ပုံရိပ်အလင်းပြန်နေတာကို သူမြင်တွေ့လိုက်ရလေသည်။

"တတိယအစ်ကို၊ ပြန်ကြစို့။" ချန်းယုရုတ်တရက်ပြောလာလေသည်။

လော့မင် သတိပြန်ဝင်လာလေတော့သည်။ မိန်းကလေးရဲ့ခုန်ပေါက်နေတာကိုကြည့်ပြီး၊ သူ မမှတ်မိတော့တဲ့ မှတ််ဉာဏ်ထဲက ရင်းနှီးနေတဲ့မြင်ကွင်းကို ဝိုးတိုးဝါးတားပြန်တွေးလိုက်မိလေသည်။

"တတိယအစ်ကို၊ မြန်မြန်၊ ညီမဗိုက်ဆာနေပြီ။" လော့မင် ငေးငိုင်နေသေးတာကိုမြင်လိုက်ချိန်၊ ချန်းယုက ခြေလှမ်းအများကြီး လှမ်းပြီးနေခဲ့လေပြီး၊ ဒီတော့ သူမမနေနိုင်ဘဲ သူ့ကိုတိုက်တွန်းလိုက်လေသည်။

"ဟုတ်ပြီ!" လော့မင်ရယ်လိုက်လေသည်။ သူ့ခြေဖဝါးပေါ် လေတွေတိုက်ပေးနေတဲ့အတိုင်း၊ သူ့ခြေလှမ်းတွေက ပေါ့ပါးလာလေတော့သည်။

စာရေးသူ၏မှတ်စု:

ချန်းယုနှာချေလိုက်ချိန်၊ တစ်ဖက်က စစ်သားက တတိယသခင်လေး သူ့ကုတ်ကိုချွတ်ပြီး ချန်းယုပေါ် တင်လိုက်တာမြင်လိုက်ရလေသည်။ သူချက်ချင်း သူ့အနွေးထည်ကိုချွတ်ပြီး တတိယသခင်လေးအနွေးထည်နဲ့လဲရန် ပြင်လိုက်လေသည်။

ထျန်းဖေ သူ့အားကန်လိုက်လေတယ်၊ "အရမ်းစွက်ဖက်နေတာပဲ! မင်းမှာမျက်လုံးတွေမရှိဘူးလား?"

စစ်သား: ...

***